## June 1  (ဇွန် ၁)

**ငါ့ပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူ၏။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏ ။ (ယော ၁၄း၂၁)**

ခရစ်တော်နှင့်အတူ ဤအလွန်ရင်းနှီးကျွမ်းဝင်သော ပေါင်းသင်းဆက်ဆံခြင်းနှင့် မိဿဟာဖွဲ့ခြင်းသည် သူ့ကိုယ်ပိုင်စိတ်သဘောကို ပို၍ပို၍ ကျွန်ုပ်တို့အား တဆင့်ပေးနိုင်ပါသည်။ ထိုအခါ ကျွန်ုပ်တို့သည်သခင်ယေရှု နှင့်အတူရှိကြသည်ဟု လောကသည်ကျွန်ုပ်တို့အား နားလည်နိုင်မည်ဖြစ်ပါသည်။ အို သခင်ယေရှု ကျွန်ုပ်အား အသက်ရှင်သောသူတစ်ဦး၊ အမှန်တကယ်ထွန်းလင်းသောသူတစ်ဦးအဖြစ် ကိုယ်တော်တိုင်ပြုလုပ်တော်မူပါ။ မြေကြီးဆိုင်ရာမြင်ရသော အရာများထက် ယုံကြည်ခြင်း၏ ရှုပါရုံကို ပို၍ စစ်မှန်စွာစွဲလန်းစေတော်မူပါ။ ချိုမြိန်သောမြေကြီးဆိုင်ရာ အနှောင်အဖွဲ့များထက် ကိုယ်တော်ကိုပို၍ ချစ်စေတော်မူပါ။ ကိုယ်တော် နှင့်အလွန်ရင်းနှီးကျွမ်းဝင်စွာ နီးကပ်စေတော်မူပါဟု အယောက်စီတိုင်း ဆုတောင်းကြပါစို့။

## June 2  (ဇွန် ၂)

**အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတပါး အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။ (၁ ကော ၂း၂)**

ပြည့်စုံသော သမ္မာတရားကို ကျွန်ုပ်တို့ပိုင်ဆိုင်သောအခါ ဤဧဝံဂေလိထက်အများသောအကြောင်းအရာများ၌ အချိန်နှင့်စိတ်ဝင်စားမှုအားလုံးတို့ကို သိမ်းယူသွားရန် ခွင့်ပြုကြသော ဤဆက်ကပ်အပ်နှံခဲ့ ကြသည့်သူတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အသေအချာစောင့်ကြည့်ခြင်းသည်(ကာလတရပ်အတွင်း)ဧဝံဂေလိသတင်းကောင်းနှင့် ပတ်သက်၍ အမှုတော်လုပ်ငန်းအတွက် အချိန်နှင့်ဆုကျေးဇူးများကို စီစစ်၍ အသုံးပြုခြင်း၌ အလွန်နှမျောတွန့်တိုမှုရှိကြသောသူများအဖြစ် အကြံပေးရန်အတွက် ကျွန်ုပ်တို့အား ပို့ဆောင်စေပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အတွက် အနာဂတ်နှင့်သက်ဆိုင်သော အသက်အတွက်နှင့်အခြားသောသူများအတွက် ယခုကာလနှင့်ဆိုင်သောအသက်အတွက် အခြားသောအကြောင်းအရာများအားလုံးကို(မည်သို့ပင် စိတ်ဝင်စားစေကာမူ)စွန့်ပစ်ကြပါ။စစ်မှန်ပြီး တစ်ခုတည်းဖြစ်သော ဧဝံဂေလိတရားနှင့် ပတ်သက်၍ အမှုဆောင်ခြင်းမှ(မည်သည့်ရှောင်ရှားသောအကြောင်းအရာကိုမဆို) လှည့်ကြသော ဤသူတို့မှာ (ကျွန်ုပ်တို့သည် အမြဲတမ်းစောင့်ကြည့်ခဲ့ပါသည်)လမ်းကြောင်းကို လျှင်မြန်စွာစွန့်ပစ်လျက် အထက်နှင့်စပ်ဆိုင်တော်မူသော ခေါ်တော်မူခြင်းဆုအတွက်သူတို့၏လမ်းကြောင်းတွင် ကြီးစွာဆီးတားခြင်းခံရကြပါသည်။

## June 3  (ဇွန် ၃)

**မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြားပြော၍ မိုးမျက်နှာကြက်သည်လက်တော်နှင့်လုပ်သောအရာများကို ပြသ၏၊ တစ်နေ့ကိုတစ်နေ့မြွက်ဆို၍တညကိုတည သွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ သူတို့နှုတ်ထွက်သံကို မကြားရသော်လည်း သူတို့၏အသံသည် မြေပြင်တလုံး၌နှံ့ပြား၍၊ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေ၏။ (ဆာ ၁၉း၁-၄)**

နေ့စဉ်ညစဉ် မိုးကောင်းကင်၏ အလွန်ခမ်းနားထယ်ဝါသော အံ့ဩဘွယ်ရာများသည် ကျွန်ုပ်တို့၏

ချီးမွမ်းခြင်းနှင့်ကြည်ညိုလေးစားခြင်းကို ထုတ်ဖော်ပြောဆိုသင့်ပြီး သန့်ရှင်း၍ ရိုသေလေးမြတ်ကြည်ညိုခြင်းတို့ကို ကျွန်ုပ်တို့၏ နှလုံးသားထဲ၌ ဖွံ့ဖြိုးစေသင့်ပါသည်။ အသံမမြည်သောပြုမူလုပ်ဆောင်ခြင်း၊ ဘုရားသခင်တရားတော်ကို စုံလင်စွာနာခံခြင်းနှင့် ကောင်းကင်ဘုံအရှင်ဘုရားသခင်၏ ဘုန်းအသရေကို ထင်ရှားစေသော အံ့သြဖွယ်ကောင်းမွန်သော သင်ခန်းစာများကို ကျွန်ုပ်တို့၏ နှလုံးသားများထဲ၌ စွဲမှတ်ကြပါစို့။ဝရုန်းသုန်းကားနှင့်ကြွားဝါခြင်း မရှိဘဲ ဇွဲလုံ့လအပြည့်ရှိသော လုပ်ဆောင်မှု၍ငင်း၊ အရာခပ်သိမ်းတို့အား ကောင်းစွာပြုလုပ်လျက်ရှိတော်မူသောသူ၊ အဆုံးမရှိသောဉာဏ်ပညာနှင့် ကြွယ်ဝပြည့်စုံတော်မူသော သူ၏အလိုတော်အားပြည့်ဝစွာ နာခံခြင်း၌၄င်း၊ ကျွန်ုပ်တို့အပေါ်၌ထွန်းလင်းခဲ့တော်မူသော ဘုရားသခင်၏ဘုန်းအသရေကိုကျွန်ုပ်တို့မှတဆင့်ကြည့်ရှုနေသောသူ အယောက်စီတိုင်းတို့အပေါ်တွင် ထွန်းလင်းခြင်း၌၄င်း မိုးကောင်းကင်သည် ကြားပြောသကဲ့သို့၊ ပြသသကဲ့သို့ ကျွန်ုပ်တို့သည် ပြသကြပါစို့။

## June 4  (ဇွန် ၄)

**ပျက်စီးတတ်သောရွှေကို စစ်ကြောစုံစမ်းခြင်းထက် သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သာ၍မြတ်သည်နှင့် ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလို့ငှာ ဖြစ်မည်အကြောင်း။ (၁ ပေ ၁း၇)**

ယခုစစ်ကြောစုံစမ်းခြင်း၌ရှိနေသောအရာသည် သင်၏ယုံကြည်ခြင်းဖြစ်ပါသည်။တည်ငြိမ်သောနေ့ရက်များ၌၊ ကျေးဇူးပြုခြင်းနှင့်စပ်ဆိုင်သော'နေ'သည် သင့်အပေါ်တွင်ထွန်းလင်းသောအခါ သင်သည် ငြိမ်သက်စွာသမ္မာတရားနှင့်စပ်ဆိုင်သောအသိပညာ၏အုတ်မြစ်ကိုခင်းလျက် ခရစ်ယာန်စရိုက်လက္ခဏာကို ထပ်ဆင့်ကြီးထွားနေစေမည်ဖြစ်ပါသည်။ယခုတွင် သက်သေပြရန် သင်သည်မီးဖိုထဲ၌ရှိနေပါသည်။ထို့ကြောင့် သင်တို့၏ရဲရင့်ခြင်းတို့ကိုစူးစမ်းစစ်ဆေးပါ။သင်တို့၏သည်းခံခြင်းတို့ကိုတိုးပွားစေပါ။သင်တို့၏ခံနိုင်ရည်စွမ်းအားတို့ကို သင်တို့ကိုယ်တိုင်စစ်ဆေးပါ။သင်တို့၏မျှော်လင့်ခြင်းတည်ကြည်ပါ၊ ဂတိတော်များကို သင်၏နှလုံးထဲသို့ဆင့်ခေါ်ပါ။ သူတို့သည်  အခုထိတိုင်သင်နှင့်စပ်ဆိုင်သောအရာများဖြစ်ကြပါသည်။ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်၏ယုံကြည်ရဲရင့်သောစိတ်ကို မစွန့်ပစ်ပါနဲ့။တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် ရဲရင့်သောယုံကြည်သောစိတ်သည် သင်တို့၏ခွန်အားဖြစ်မည်ဖြစ်ပါသည်။ဘုရားသခင်၌ငြိမ်ဝပ်လျက် မျှော်လင့်ပါ။ ယုံကြည်ခြင်းသည် ၄င်း၏အောင်မြင်ခြင်းကို ရရှိပြီးဖြစ်ပါသည်။

## June 5  (ဇွန် ၅)

**အိုထာဝရဘုရား၊ ကိုယ်တော်ကိုအကျွန်ုပ်တို့ခိုလှုံပါ၏။ရှက်ကြောက်ခြင်းနှင့်အစဉ်ကင်းလွတ်ပါစေသော။တရားတော်နှင့်အညီ  အကျွန်ုပ်ကိုကယ်နုတ်တော်မူပါ။ (ဆာ ၃၁း၁)**

ယုံကြည်ခြင်း၏ကျောက်ဆူးပေါ်တွင် ခိုင်မြဲစွာဆုပ်ကိုင်ထားခြင်းမှ ခေတ္တခဏပင်လျှင် လျော့ရဲခွင့်ပြုခြင်းထက် သူ၏ရန်သူရှေ့မှောက်တွင် ကြီးစွာသောပြဿနာများထဲ၌ ခရစ်ယာန်ကိုထားရန်အကြောင်းမရှိပါ။ထိုသို့ပြုလုပ်ရန် သူ့အားခေတ္တခဏခွင့်ပြုလိုက်ပါ။သူ့ပတ်လည်၌ မဖြစ်မနေလိုအပ်သည့်မှောင်မိုက်ခြင်းသည် စတင်စုဝေးလာပါပြီးသူ၏ခမည်းတော်ဘုရားသခင်၏ ထွန်းလင်းခြင်းကိုသူမမြင်နိုင်တော့ပါ။အဘယ်ကြောင့် ဆိုသော်ယုံကြည်ခြင်းမရှိလျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်သောကြောင့်ဖြစ်ပါသည်။တစ်ဖန်ယုံကြည်ခြင်းကျောက်ဆူးကို သူသည်ဆုပ်ကိုင်ချင်သော်လည်း ခရစ်တော်၏ဖြောင့်မတ်ခြင်း ဝတ်လုံအားဖြင့်ဖုံးအုပ်ထားသည်ကို

စိတ်နှလုံးထဲ၌ သူသည်အမြဲနှလုံးသွင်းထားသော ယုံကြည်ခြင်း၊ကျောက်ဆူးကို သူသည် တဖန်ဆုပ်ကိုင်လျက်ရှိနေစဉ် လူ၏မစုံလင်ခြင်းများအပေါ် များသောအားဖြင့်အခြေပြုလျက် ကြောက်ရွံ့ခြင်းနှင့်သံသယစိတ်များနှင့်အတူ မှောင်မိုက်တန်ခိုးများသည် သူ့အားပြင်းထန်စွာတိုက်ခိုက်ပါသည်။ကျွန်ုပ်တို့၏နှလုံးသားများထဲ၌ ဘုရားသခင်၏ငြိမ်သက်ခြင်း၏ အုပ်စိုးမှုရှိစေချင်လျှင် ကျွန်ုပ်တို့၏ကျောက်ဆူးကို ဘယ်တော့မှ မစွန့်ပစ်ကြ ပါနှင့်။ ကျွန်ုပ်တို့၏ရဲရင့်သောစိတ်ကိုကျဆင်းဖို့ ထပ်တလဲလဲရိုက်ခတ်လျက် စာတန်၏ သေစေနိုင်သော ဝိရောဓိအခြေအနေများကို ဘယ်တော့မှအရှုံးမပေးပါနဲ့။'သူသည် ကျွန်ုပ်ကို ရက်စက်စွာသတ်ဖြတ်သော်လည်း ကျွန်ုပ်သည် ဘုရားသခင်ကိုခိုလှုံကိုးစားမည်ဟု'ကျွန်ုပ်တို့၏နှလုံးသားများထဲမှ စကားသည် အမြဲတမ်းဖြစ်သင့် ပါသည်။

## June 6 (ဇွန် ၆)

**သင်တို့သည် ကိုယ့်ကိုကိုယ်သတိပြုကြလော့။သို့မဟုတ် အစားအသောက်လွန်ကျူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့်၊ စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင်၊ ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့နှင့် တွေ့ကြုံလိမ့်မည်။ (လု ၂၁း၃၄)**

ကျွန်ုပ်တို့၏ရှေ့တွင်ရှိလျက် ကျွန်ုပ်တို့နားလည်သည့်အလုပ်သည် မည်မျှလောက်ကြီးမားသည့် အလုပ်ဖြစ်မည်မဟုတ်ပါလော! တည်ကြည်ခြင်း၊ နိုးကြားခြင်းနှင့်မဖောက်ပြန်သစ္စာရှိခြင်းသည် မည်မျှလောက်မဖြစ်မနေလိုအပ်နေသည်မဟုတ်ပါလော။အသက်တာတစ်လျှောက်လုံး လုပ်ရမည့်အလုပ်ဖြစ်ပါသည်။ကျွန်ုပ်တို့၏ ဇာတိ၌ခိုင်မာစွာစွဲမြဲထားသော ကြီးစွာသောရန်သူတစ်ဦးကို ဆန့်ကျင်သည့်ဘဝတိုက်ပွဲတစ်ခုဖြစ်ပါသည်။ အပြင်ဘက်မှ တန်ခိုးစွမ်းအားများသည် အမှန်တကယ်ပြင်းထန်ကြပါသည်။သို့သော် အတွင်းထဲမှ စစ်ပွဲသည်ပို၍အလွန်ကြောက်စရာကောင်းပါသည်။လောက၏အရာများနှင့်အတူ အတိုင်းအတာတစ်ခု၌ ကျွန်ုပ်တို့သည် လွှမ်းမိုးမှုခံရလျှင် ကိုယ့်ကိုကိုယ်ကျေနပ်ခြင်းအတွက်သော်၎င်း၊ ပျော်ရွှင်မှုအတွက်သော်၎င်း၊ လွယ်ကူမှုကိုချစ်ခြင်းအတွက်သော်၎င်း လမ်းကိုပေးခဲ့သော် မနာလိုခြင်း၊ ဒုက္ခပေးလိုသည့်ဆန္ဒ၊ မာန၊ အချည်းအနှီး ဘုန်းအသရေကိုယ့်ကိုကိုယ်ဝါကြွားခြင်း၊ စိတ်မြင့်ခြင်း၊ ဒေါသ၊ ခိုက်ရန်ဖြစ်ပွားခြင်း စသည့် ဤကဲ့သို့သော လူဟောင်း၏အကျင့်စရိုက်များနှင့် စပ်ဆိုင်သော အမူအကျင့်တို့၌ အနည်းငယ်စိတ်အလိုလိုက်လာမည်ဖြစ်ပါသည်။ကျွန်ုပ်တို့အားမြင်သာအောင်ထုတ်ဖော်ပြသသော အရာသည် မည်မျှလောက်အန္တရာယ်ရှိစေသည့်အရာဖြစ်သည် မဟုတ်ပါလော!

## June 7 (ဇွန် ၇)

**ခရစ်တော်ယေရှုအားဖြင့် ငါတို့ကိုထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော၊ ခပ်သိမ်းသော ကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသောသင်တို့ကို စုံလင်တည်ကြည်ခိုင်ခံ့ မြဲမြံစေတော်မူလိမ့်မည်။ (၁ပေ ၅း၁၀)**

ဤလိုလားသောအခြေအနေကို ရရှိနိုင်သောအရာသည် ခရစ်တော်၏ကောင်းသောစစ်သူရဲကဲ့သို့ ခက်ခဲခြင်းအား ကြံ့ကြံ့ခံသီးခံခြင်းအားဖြင့်သာလျှင် ဖြစ်ပါသည်။ မကောင်းမှုကိုခုခံရန် စုံလင်သောမိမိကိုယ်ကို မိမိထိန်းချုပ်ခြင်း စွမ်းရည်၊ တည်ဆောက်ထားသော ယုံကြည်ခြင်း၊ သီးခံခြင်း၊ ကောင်းမြတ်ခြင်း၊ မပြောင်းလဲခြင်း၊ ခရစ်တော်၌တည်ခြင်းနှင့် သူ၏ဂတိစကားတော်များအားဖြင့် မျှော်လင့်ခြင်းတို့ဖြစ်ပါသည်။ သခင်၏ အမှုတော်မြတ်၌ ယခင်ကသူတိုးတက်ကြီးထွားလာခဲ့သည့်အတိုင်း တမန်တော်၏ကိုယ်ပိုင်အတွေ့အကြုံဖြစ်သည်ကို သံသယရှိဖို့မလိုပါ။ ထိုနည်းတူ ကျွန်ုပ်တို့၏အတွေ့အကြုံများဖြစ်နိုင်ပါသည်။ဘုန်းအသရေနှင့်ကြွယ်ဝပြည့်စုံသော စုံလင်ခြင်း၏အထွတ်အထိပ်နှင့် အကျွန်ုပ်တို့သည်ပို၍ပို၍ နီးကပ်လျက်ရှိသည်ကို ကျွန်ုပ်တို့အယောက်စီတိုင်းသိရှိကြပါစို့။

## June 8 (ဇွန် ၈)

**အပြစ်ရှိသောသူကို မှားယွင်းသောလမ်းမှ ပြန်စေသောသူသည်၊ ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာသော အပြစ်တို့ကိုဖုံးအုပ်တတ်သည်ဟု ထိုသူသည် သိမှတ်စေ။ (ယာ ၅း၂၀)**

ကန့်သတ်ချက်ဘောင်များအား ကျော်လွန်သောလမ်းများ၌၄င်း၊ တားမြစ်ထားသောလမ်းများ၌၄င်း လျှောက်လှမ်းလျက်ရှိကြသော အခြားသူများကို ကျွန်ုပ်တို့တွေ့မြင်သောအခါ သူတို့အားလွှတ်မြောက်စေခြင်းအလိုငှာ သူတို့နောက်သို့ကျွန်ုပ်တို့လိုက်ဖို့မဟုတ်ပါ။သို့သော်မှန်ကန်သောလမ်းကို စောင့်ထိန်းခြင်းအားဖြင့်ထိုလမ်းကိုပြသ၍ သူတို့အားခေါ်ရန်ဖြစ်ပါသည်။အခြေခံကျကျမှားယွင်းသည်ဟု ကျွန်ုပ်တို့သိသောလူတို့၏ ဩဝါဒများနှင့် သွန်သင်ချက်များနှင့်အတူ သူတို့ကိုယ်တိုင်ရှုပ်ထွေးလျက်ရှိသော အချို့တို့ကိုသင်တို့သည် မြင့်သောအခါ သူတို့အား လွှတ်မြောက်ရန် ကူညီလိုအံ့သောငှာ ကျန်ဩဝါဒများကို အချိန်ကုန်ခံပြီး ဖတ်ရှုနေဖို့မဟုတ်ပါ ။ သို့ရာတွင် အခြေခံအုတ်မြစ်နှင့် လိုက်လျောညီထွေမှု ရှိလိမ့်မည်မဟုတ်သော မည်သည့်ဩဝါဒများကို မဆိုလေ့လာခြင်းသည် ဆက်ကပ်အပ်နှံထားသော အချိန်များကို အလွဲသုံးနေခြင်းဖြစ်သည်ဟု သတိပေးရမည်ဖြစ်ပါသည်။ ဩတ္တပ္ပစိတ်နှင့် အခြေခံသဘောတရားတို့ကို ချိုးဖောက်ခြင်းအားလုံးသည် ကြောက်စရာကောင်းသကဲ့သို့ မှားသောအရာဖြစ်သည်ဟု ကျွန်ုပ်တို့သိသောအရေးမကြီးသည့် အရာအားလုံးတို့သည် မှားယွင်းပြီးကြောက်စရာကောင်းပါသည်။

## June 9 (ဇွန် ၉)

သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည်လောကကို အောင်ပြီဟုမိန့်တော်မူ၏။ (ယော ၁၆း၃၃)

သခင်ဘုရား၏ သစ္စာရှိခြင်းအတွက် ဆုလာဒ်သည် မြေကြီးဆိုင်ရာချမ်းသာကြွယ်ဝခြင်းမဟုတ်ခဲ့ပါ ။ သို့သော်ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သေထိတိုင်အောင် ဆင်းရဲခြင်းနှင့်ညှင်းပန်းနှိပ်စက်မှုများကိုဖြစ်ပေါ်စေခဲ့ပါသည်။ သူသည်အလွန်ကြီးစွာသော ဝမ်းနည်းကြေကွဲခြင်းများနှင့်အတူ ရင်းနှီးကျွမ်းဝင်လျက် ဝမ်းနည်းခြင်းများနှင့်စပ်ဆိုင်သော လူသားတစ်ဦးဖြစ်ခဲ့ပါသည်။ ဘုရားသခင်အား ပြစ်မှားသော သူတို့၏ ပြစ်တင်ခြင်းသည် သူ့အပေါ်သို့ကျရောက်ခဲ့ပါသည်။ သူသည်ချမ်းသာသော်လည်း ကျွန်ုပ်တို့အတွက်ဆင်းရဲခံခဲ့ပါသည်။မြေခွေးတို့မှာတွင်းရှိ၏။ ငှက်တို့တွင်အသိုက်ရှိ၏။လူသားဟူကား ခေါင်းချစရာနေရာမရှိဟု သူပြောဆိုခဲ့တော်မူသော အလွန်ဆင်းရဲခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည်လည်း ညှင်းပမ်းနှိပ်စက်ခြင်းခံရကြမည်ဖြစ်ပါသည်။ သူ့အား ပြစ်တင်သောသူတို့၏ ပြစ်တင်ခြင်းသည် ကျွန်ုပ်တို့အပေါ်သို့လည်း ကျရောက်ပါသည်။ ခရစ်တော်၏နောက်လိုက်များအတွက် ယခုမျက်မှောက် ကာလဆုလာဒ်သည် သခင်ဘုရား၏ ချစ်ခြင်းမေတ္တာနှင့် သဘောတူညီမှုနှင့် စပ်ဆိုင်သော လှိုက်လှဲရိုးစင်းသော ထင်းရှားပြသခြင်း ဖြစ်နိုင်ပါသည်။

## June 10 (ဇွန် ၁၀)

**အကျွန်ုပ်တို့အားနည်းပေးတော်မူပါ။ (လု ၁၁း၁)**

အတိုချုပ်အားဖြင့်ဆိုသော ဘုရားသခင်လက်ခံနိုင်ဖို့ရန် ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် ယုံကြည်စိတ်ချမှု၊ ချစ်ခင်ကြည်ညိုလေးစားခြင်းနှင့် ရိုသေခြင်း၊ ဘုရားသခင်နှင့် စပ်ဆိုင်သော အကြံအစည်နှင့်အတူ

ပြည့်ဝသောထောက်ခံခြင်း၊ ဘုရားသခင်အလိုတော်သို့အပ်နှံခြင်း၊ ဘုရားသခင်အပေါ်တွင် ကလေးငယ်ကဲ့သို့ ခိုလှုံကိုးစားခြင်း၊ အပြစ်များနှင့်အားနည်းချက်များကို နားလည်သိမှတ်လျက် ခွင့်လွှတ်ခြင်းအတွက် ဆန္ဒရှိခြင်း၊ ဘုရားသခင်၏ လမ်းပြမှုနှင့် ကာကွယ်ခြင်းအတွက် နှိမ့်ချသောဆန္ဒစိတ်များနှင့်အတူ ဖော်ပြရမည်ဖြစ်ပါသည်။ စကားလုံး၌ ဤအရာများအားလုံးကို အမြဲတမ်း ဖော်ပြနိုင်မည်မဟုတ်ပါ။ သို့သော် အနည်းဆုံးစိတ်ဝိညာဉ်၏ သဘောထားရှိရမည်ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် စကားလုံးအားဖြင့်ငင်း(သို့) နှုတ်အားဖြင့်ငင်း မဖော်ပြနိုင်သော(လူ၏)ရိုးသားသည့်အလိုဆန္ဒဖြစ်ပါသည်။

## June 11 (ဇွန် ၁၁)

### ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ့်ကိုကိုယ်မထင်သော်လည်း .......(ဖိ ၃း၁၃)

ကျေနပ်အားရသော ဝိညာဉ်ပိုင်းဆိုင်ရာအခြေအနေတစ်ခုသို့ ရရှိခဲ့ပြီဟု မည်သူမဆို စဉ်းစားတွေးတော ခဲ့မည်ဆိုလျှင် ထိုအချိန်မှစ၍သူ၏ ဝိညာဉ်ပိုင်းဆိုင်ရာကျဆုံးခြင်း၏ အစအဦးနေ့ရက်ဖြစ်နိုင်ပါသည်။ စုံလင်သောနမူနာပုံစံကို အတုခိုးရန်လေ့လာကြိုးပမ်းလျက်ရှိသော ခရစ်တော်၏ရိုးသားသော နောက်လိုက်တစ်ဦး အတွက် ယခုမျက်မှောက်ရရှိမှုများသည် ကျေနပ်အားမရမှုမရှိနိုင်ပါ။ မိမိကိုယ်ကိုကျေနပ်အားရကျေနပ်နိုင်ခြင်း သည် ကျွန်ုပ်တို့၏အကြည့်များကို ခရစ်တော်ထံမှ အဝေးသို့လှည့်ခြင်းအားဖြင့်သာလျှင် ဖြစ်ပါသည်။အဘယ့် ကြောင့်ဆိုသော် ပြည့်ဝသော နမူနာပုံစံ၏ ရှုထောင့်၌ ကျွန်ုပ်တို့၏ အားနည်းချက်များကို အမြဲတမ်းထင်ရှားပြသနေ သောကြောင့်ဖြစ်ပါသည်။ အကယ်၍ နှလုံးသားထဲမှမာန၏ ရှုထောင့်၌ဆိုလျှင် ထိုအရာများကိုမြင်ရန်ကျွန်ုပ်တို့ ကိုယ်တိုင်အား ရှုံးဆုံးစေမည်ဖြစ်ပြီး ထိုအရာတို့သည် အခြားသူတို့ထံပို၍ထင်ရှားပြသဖို့ရန်သာဖြစ်လာမည်ဖြစ် ပါသည်။ခရစ်တော်၏ပုံသဏ္ဍာန်တူညီခြင်းထံသို့ အဆက်မပြတ်ကြီးထွားခြင်းအား သိမှတ်နားလည်ခြင်း၌သာ လျှင်ခရစ်ယာန်သည် ကျေနပ်အားရခြင်းကို ရှာဖွေသင့်ပါသည်။

## June 12 (ဇွန် ၁၂)

### ငါပြုသောအမှုတစ်ခုဟူမူကား ....(ဖိ ၃း၁၃)

'ငါပြုသောအမှုတစ်ခုဟူမူကား' ဟူ၍ တမန်တော်၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ တစ်ခုတည်းရှိခြင်းကို ကျွန်ုပ်တို့ သတိပြုမိပါသည်။ သူသည် အတော်အတန်များပြားသော အရာများကို လုပ်ဆောင်ရန် မပြုလုပ်ခဲ့ပါ။ အကယ်၍ သူလုပ်ဆောင်ခဲ့သော်သူသည် အမှန်တကယ်ကျရှုံးခဲ့လိမ့်မည်ဖြစ်ပါသည်။ သူ့အားခေါ်တော်မူ ခဲ့သောရည်ရွယ်ချက်အတွက် သူ့အသက်တာကိုပေးခဲ့ပြီးအသက်တာထဲမှ အခြားရည်ရွယ်ချက်များကို ရပ်စဲခဲ့ပါသည်။ယခုလက်ရှိအသက်တာတစ်လျှောက်လုံး သူ၏ရွေးချယ်ခဲ့သော လမ်းကြောင်းသည် ဆုံးရှုံးမှုအချို့ ဆင်းရဲနွမ်းပါးခြင်း၊ခက်ခဲခြင်း၊ပူပန်ခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် အဆက်မပြတ်အပြစ်တင်ကဲ့ရဲခြင်းတို့ကို ယူဆောင်လာလိမ့်မည်ဟူသော အချက်ကို စဉ်းစားဆင်ခြင်ခြင်းကိုလည်း သူသည်လုပ်ဆောင်ခဲ့ပါသည်။ ဤတစ်ခုတည်းသောရည်မှန်းချက်၌ ဤယခုဘဝနှင့်စပ်ဆိုင်သော ကောင်းသောအရာအချို့ တို့ကို ပျော်ရွှင်ခံစားရန် (သို့)စုံစမ်းနှောက်ယှက်ခြင်းစပ်ဆိုင်သော လှည့်ဖြားထားသည့် ပျော်ရွှင်မှု အချို့တို့ကို ရရှိရန်အတွက် လွှဲဖယ်ခြင်းသည် သူ့အားများစွာသော စုံစမ်းနှောက်ယှက်ခြင်းမှ သက်သာစေပါသည်

## June 13 (ဇွန် ၁၃)

**အကျွန်ုပ်မူကားဖြောင့်မတ်၍ မျက်နှာတော်ကိုဖူးမြင်ရလိမ့်မည်။ နိုးသောအခါ ပုံသဏ္ဍာန်တော်အားဖြင့် အကျွန်ုပ်အလိုပြည့်စုံရပါလိမ့်မည်။ (ဆာ ၁၇း၁၅)**

အရေးမကြီးသောအချိန်ကာလကို စောင့်ကြည့်နေခြင်းမှ မြင့်တက်လျက်အလွန်မြင့်မားသော အတောင်ပံများပေါ်တွင် ကျွန်ုပ်တို့၏အတွေးများကို တင်ထားကြပါစို့။ တစ်စိတ်တစ်ပိုင်းဖုံးအုပ်ထားခြင်းများကို ဖယ်လျက် ထာဝရဘုန်းအသရေများကို ကြည့်ရှုကြပါစို့။ ခမည်းတော်ဘုရားသခင်ကိုင်၊ ယေရှုခရစ်ကိုင်၊ အတိတ်နှင့် ယခုကာလမှ ထိုက်တန်သော သန့်ရှင်းသူများကိုင်၊ ကောင်းကင်ဘုံဆိုင်ရာ အမွေခံခြင်းကိုင်၊ ခရစ်တော်နှင့်အတူ ပူးတွဲလုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့၏ အနာဂတ်အလုပ်နှင့် စပ်ဆိုင်သော ကောင်းကြီးမင်္ဂလာကိုင်၊ ဘုရားသခင်၏ အကြံအစည်စီမံကိန်းမှ အရေးပါမှုနှင့် ကောင်းမြတ်ခြင်းကိုင်၊ ယခုလက်ရှိကျွန်ုပ်တို့၏အလုပ်များ ပြီးဆုံးသောအခါ ခရစ်တော်ထံသို့ ကျွန်ုပ်တို့အတူတကွ စုဝေးခြင်းနှင့်စပ်ဆိုင်သော ကောင်းကြီးမင်္ဂလာနှင့် ဘုန်းအသရေနှင့်စပ်ဆိုင်သောအတွေးများဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးသားများထဲတွင် ပြည့်စေကြပါစို့။ထို့ပြင် ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့် ဝတ်ပြုခြင်း၊ ချီးမွမ်းခြင်းအတွက် အတူတကွစုဝေးခြင်းအားဖြင့် ဘုရားသခင်နှင့်အတူ တစ်ဦးချင်းစီ မိဿဟာရ ဖွဲ့ခြင်းနှင့် စပ်ဆိုင်သော နှစ်သိမ့်ခြင်းနှင့်ကောင်းခြင်းမင်္ဂလာကို ထပ်မံ၍ လက်ခံရရှိကြပါသည်။

**ထောင်လွှားစော်ကားသော သူတို့ကိုဘုရားသခင် ဆီးတားတော်မူ၏**
**စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ (၁ ပေ ၅း၅)**

ကျွန်ုပ်တို့၏နှိမ့်ချခြင်းကို ကောင်းစွာစောင့်ရှောက်ကြပါစို့။ကျွန်ုပ်တို့၏အမြင်များ၌ ကျွန်ုပ်တို့သည် သေးငယ်သောသူများဖြစ်ကြသောအခါမှသာလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အား လုံခြုံခြင်းနှင့်အတူအသုံးပြုနိုင်ပါသည်။ သို့သော်သစ္စာရှိခြင်းအား စစ်ဆေးမှုတိုင်းမှ ကျွန်ုပ်တို့အား သူသည်မကာကွယ်ပါ။ ထို့ကြောင့် သခင်ဘုရားသည်သင့်အား အနည်းငယ်သောချီးမြှောက်ခြင်းကို ယနေ့ပေးခဲ့ပြီး သူ၏အမှုတော်၌သေးငယ်သော အောင်မြင်ခြင်းနှင့်စပ်ဆိုင်သော အားပေးခြင်းကိုပေးခဲ့လျှင် နှိမ့်ချစွာဖြင့်ငင်း၊နူးညံ့သိမ်မွေ့စွာဖြင့်ငင်း၊သင့်အားဖြင့်အလုပ်လုပ်ရန်ဘုရားသခင်သည် ပျော်ရွှင်သည့်အတွက်မှတပါး သင်၏မထိုက်တန်ခြင်းနှင့် မလုံလောက်ခြင်းများကိုသတိရအောက်မေ့ခြင်းဖြင့်ငင်း၊လက်ခံလျက် သင်၏စည်းကမ်းဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်၏စရိုက်လက္ခဏာတို့အား သင့်လျော်သော ဟန်ချက်ညီမှုအတွက် မဖြစ်မနေလိုအပ်သောအရာအဖြစ် မနက်ဖြန်နှင့် စပ်ဆိုင်သောနှိမ့်ချခြင်းကို လက်ခံရယူရန် အဆင်သင့်ရှိပါ။မနေ့က အောင်မြင်ခြင်းသည် ဒီကနေ့၏နှိမ့်ချခြင်း၏ အောက်တွင်သင့်အားစိုးရိမ်ပူပန်ရန်ပြုလုပ်ခဲ့သော် သတိပြုပါ။ သို့ဖြစ်လျှင် သင်ရှိသင့်သော ဝိညာဉ်ပိုင်းဆိုင်ရာ အတိုင်းအတာကဲ့သို့ သင်သည်မတိုးတက်သေးပါ။

## June 15 (ဇွန် ၁၅)

**ငါသည်လည်းသင်တို့နှင့်ထာဝရပဋိညာဉ်ပြု၍၊ ဒါဝိဒ်၌မြဲမြံသောကျေးဇူးတော်ကို သင်တို့အား ပေးမည်။ (ဟေရှာ ၅၅း၃)**

ဖြောင့်မတ်ခြင်းတရားကို ဆာငတ်ခင်မွတ်သောသူ သမင်ဒရယ်သည် ရေစီးသော ချောင်းကို

တောင့်တသကဲ့သို့၊ သူတို့၏စိတ်ဝိညာဉ်တို့သည် ဘုရားသခင်ကိုတောင့်တလျက်ရှိကြသော သူတို့သည် သူ့ကို တွေ့ရှိကြပြီး သူ့ထံတွင်သူတို့ အသက်တာများကို ဆက်သလျက်သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိသိတ်ပေးခြင်းကို လက်ခံရရှိကြကာ၊ သူတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်ဟု သူတို့၏စိတ်ဝိညာဉ်များနှင့်အတူ စစ်မှန်သော သား သမီးများနှင့်စပ်ဆိုင်သော ထိုက်တန်သည့်သွင်ပြင်လက္ခဏာများကို သူတို့ကိုယ်တိုင်၌ ရှာဖွေနိုင်သောဘိသိတ်ခံသား၊သမီးများအဖြစ် သက်သေခံပါသည်။ သစ္စာရှိခြင်း၊ ဖွဲလုံ့လ၊ ခွန်အားစိုက်ထုတ်ခြင်း၊ ရဲရင့်ခြင်း၊ သတိရှိခြင်း စသည့်ဤအရာတို့သည် ထာဝရပဋိညာဉ်တစ်ခုကို ဘုရားသခင်ပြုလုပ်တော်မူခဲ့သော ဒါဝိဒ်၌မြဲမြံသော ကျေးဇူးတော်၌ စပ်ဆိုင်သောသူတို့အတွက် ပါဝင်ပါသည်။

## June 16 (ဇွန် ၁၆)

**ဆုံးမခြင်းမည်သည်ကား ခံရစဉ်အခါဝမ်းမြောက်စရာမထင်၊ဝမ်းနည်းစရာထင်တတ်၏။သို့သော် လည်းဆုံးမခြင်းကိုခံရသောသူတို့သည်၊နောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကို ခံရကြ၏။ (ဟေ ၁၂း၁၁)**

ငါ့ကိုခွန်အားဖြင့် ပြည့်စေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကိုငါတတ်စွမ်းနိုင်သည်ဟု မတုန်မလှုပ်အေးဆေးစွာ ပြောနိုင်သည့်မေတ္တာစိတ်နှင့်ဝန်ခံခြင်းအတွက် စိတ်ဝိညာဉ်အား ရင့်ကျက်စေခြင်းသည် ဤကဲ့သို့သော စည်းကမ်းအောက်၌ဖြစ်ပါသည်။ တဖြည်းဖြည်းဖြင့် လူဟောင်း၏ သဘောသဘာဝအား လောင်းကျွမ်းစေသည့်အတိုင်း ရွှေသည်ပို၍ ပို၍ ထင်ရှားလာပြီး ဤအလွန်တန်ဖိုးရှိသော စိတ်ဝိညာဉ်တို့သည် သူတို့၏ ချစ်လှစွာသော သခင်ကိုပို၍ချစ်မြတ်နိုးသောသူများဖြစ်လာကြပါသည်။ ဒုက္ခဝေဒနာတိုင်း၌ သူတို့သည် သူ့အား အလွန်ချစ်မြတ်နိုးကြပြီး အသက်ရှင်ရပ်တည်နိုင်ရန် သူ၏ကျေးဇူးတော်နှင့်ဂုဏ်း၊ ခွန်အားပေးရန်သူ၏ မျက်မှောက်၌ ရှိနေခြင်းနှင့်အတူ သူသည် အနီးနားတွင်ရှိပြီး ဝမ်းနည်းခြင်းအရိပ်လွှမ်းမိုးသော အရိပ်သည် ကြယ်၏အတောက်ပဆုံး ထွန်းလင်းသောနေ့အဖြစ် မှတ်ဉာဏ်ထဲတွင် အလွန်အမွန်အမြတ်ထားသည့်အနားယူ သည့် နေရာဖြစ်လာပါသည်။

## June 17 (ဇွန် ၁၇)

**လာတော်မူသော နေ့ရက်ကိုအဘယ်သူသည် မတိမ်းမရှောင်ဘဲ နေလိမ့်မည်နည်း။ပေါ်ထွန်းတော် မူသောအခါအဘယ်သူသည် ခံရလိမ့်မည်နည်း။ ထိုသခင်သည်ငွေစစ်သော သူ၏မီး ၊ ခဝါသည်သုံးသော ဆပ်ပြာကဲ့သို့ဖြစ်တော်မူမည်။ ငွေကို ချွတ်၍သန့်ရှင်းစေသော သူကဲ့သို့ထိုင်လျက် ရွှေငွေကိုချွတ်သကဲ့ သို့ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့်၊ သူတို့သည် ထာဝရဘုရားအဘို့ဖြစ်၍ ဖြောင့် မတ်ခြင်း ပူဇော်သက္ကာကို ပူဇော်ကြလိမ့်မည်။ (မာလ ၃း၂-၃)**

သခင်၏သွင်ပြင်လက္ခဏာ၏ အလွန်တန်ဖိုးရှိသော သတ္တုသည် သူ၏ပုံသဏ္ဍာန်တော်ကို မည်ကဲ့သို့ ထင်ဟပ်စေသည်ကို ကြည့်ရန်ကြီးမြတ်တော်မူသော ငွေစစ်သောသူသည် သေချာစောင့်ကြည့်လျက်ရှိပါသည်။ လွယ်ကူစွာပြောရမည်ဆိုလျှင် စစ်ဆေးမှုတိုင်း၌ သူသည် ကျွန်ုပ်တို့၏ အပြုအမူများကိုမည်သည့်ဩဇာလွှမ်းမိုး မှုက ထိန်းချုပ်ထားသည်ကိုမြင်ရန် သေချာစောင့်ကြည့်လျက်ရှိပါသည်။ ယခုလက်ရှိအကျိုးကျေးဇူးများ(သို့)လောကီ ဆိုင်ရာ မူဝါဒများ(သို့)ပုဂ္ဂိုလ်ရေးဆိုင်ရာ ခင်မင်မှု(သို့)မြေကြီးဆိုင်ရာ ချစ်မြတ်နိုးခြင်းများ ဥပမာခင်ပွန်းသည် (သို့)ဇနီး(သို့)ကလေးများ(သို့) လွယ်ကူခြင်းကို ချစ်ခြင်း (သို့)မည်ကဲ့သို့သောအဖိုး အခ၌မဆိုငြိမ်းချမ်းမှုကို

ချစ်ခြင်းစသည့်အရာတို့၏ လွှမ်းမိုးမှုကိုခံနေရပါသလား။ မခံရဘူးလားဆိုတာကို စောင့်ကြည့်လျက်ရှိပါသည်။ အခြားတဖက်မှ ပြောမည်ဆိုလျှင် သမ္မာတရားနှင့် ဖြောင့်မတ်ခြင်း၏ ရှင်းလင်းသော နိယာမများအားဖြင့် ကျွန်ုပ်တို့အား ထိန်းချုပ်ထားပါသလား၊ မည်ကဲ့သို့ ကြိုးကမ်းလုပ်ဆောင်ခြင်း၌သော်၎င်း၊ ဒုက္ခဆင်းရဲ၌သော်၎င်း၊ ဖွဲလုံ့လ၊ ဝီရိယ ၊ ခွန်အားနှင့်အတူ ဤသမ္မာတရား၏ နိယာမများကို ကျွန်ုပ်တို့သည် ခုခံလျက်-ခါးသီးသော အဆုံးထိတိုင်အောင် သေထိတိုင်အောင် ယုံကြည်ခြင်းနှင့် စပ်ဆိုင်သော ကောင်းသောတိုက်လှန်ခြင်းကို ပြုကြမည်လား၊ ဆိုတာကို စောင့်ကြည့်လျက် ရှိပါသည်။

## June 18 (ဇွန် ၁၈)

**အထံတော်၌ စုံလင်သောဝမ်းမြောက်ခြင်း အခွင့်နှင့်လက်ျာတော်နားမှာ အစဉ်အမြဲပျော်မွေ့ခြင်း အခွင့်ရှိပါ၏။ (ဆာ ၁၆း ၁၁)**

ကျွန်ုပ်တို့သည် ဘယ်နေရာမှာရှိသည်ဆိုသည်မှာ အရေးမကြီးပါ။ ဘုရားသခင်၏ မျက်မှောက်တော်၌ စုံလင်သော ဝမ်းမြောက်ခြင်းရှိပါသည်။ ဆုတောင်းခြင်း၌သော်၎င်း၊ သူ၏အဖိုးထိုက်သော နှုတ်ကပတ်တော်ကို လေ့လာခြင်း၌၎င်း၊ သူ၏ကောင်းမြတ်ခြင်း၊ သူ၏ကြည့်ရှုစောင့်ရှောက်မှုနှင့်ဆိုင်သော ဂရုစိုက်ခြင်း၊ကျွန်ုပ်တို့၏ တစ်ဦးချင်းစီနှင့်ဆိုင်သော အတွေ့အကြုံများ၌ မှတ်သားထားသည့် သူ၏ကျေးဇူးတော်၏ ထင်ရှားပြသဖြင်းများနှင့် ယေရှုခရစ်တော်၌ ဟုတ်မှန်သေချာသော သူ၏အဖိုးမဖြတ်နိုင်သော ကတိတော်များ အားလုံးတို့အပေါ်တွင် ဆင်ခြင်အောက်မေ့ခြင်း၌ သူ့ထံသို့နီးစေလျက် သခင်၏ရင်းနီးကျွမ်းဝင်မှုကို ပို၍တိုးတက်စေကြပါစို့။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်။ (ယာ ၄ း၈) ၊သူသည် သူ့ကိုယ်ကိုအား သင့်ကိုထင်ရှားပြသလျက် သင့်နှင့်အတူသူ၏ တည်ရှိခြင်းကို စတင်ပြုလုပ်မည်ဖြစ်ပါသည်။

သူ၏သားသမီးများ အားလုံးတို့သည် သူ၌ ပျော်ရွှင်သင့်ပြီး အစဉ်အမြဲဝမ်းမြောက်သင့်ခြင်းသည် ဘုရားသခင်၏ အလိုတော်ဧကန်အမှန်ဖြစ်ပါသည်။ တစ်စုံတစ်ဦးသည် ဤကောင်းကြီးမင်္ဂလာ မရှိခဲ့သော်သူသည် သူ၏အခွင့်အလမ်း၏ အောက်အဆင့်၌ အသက်ရှင်နေသောသူ ဖြစ်ပါသည်။

## June 19 (ဇွန် ၁၉)

**အလင်းသည် တရားသောသူအဘို့၊ ဝမ်းမြောက်ခြင်းသည် သဘောဖြောင့်သော သူတို့အဘို့ ပျိုးကြလျက်ရှိ၏။ (ဆာ ၉၇ း၁၁)**

ဘုရားသခင်၏ စစ်မှန်သောသားသမီးတို့သည် သမ္မာတရားကို ချစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သမ္မာတရားကို စွဲလမ်းမှုရှိကြသောကြောင့် ဖြစ်ပါသည်။ သူတို့သည် သမ္မာတရားကို တွေ့ရှိခဲ့ကြပြီးသောအခါ ၊သူတို့သည် ၎င်း၏တန်ဖိုးကို နားလည်ကြပါသည်။ သူတို့သည် ၎င်းကိုများစွာ တန်ဖိုးထားလျက် ၎င်းအပေါ်တွင် ဆင်ခြင်အောက်မေ့ကြပါသည်။ သမ္မာတရားသည် ဘုရားသခင်ကဲ့သို့ ဖြစ်ပြီး၊သူ၏ ဘုန်းအသရေနှင့် ပြည့်စုံသော ကောင်းမြတ်ခြင်း၊ သူ၏ချစ်ခြင်းမေတ္တာ ကရုဏာ၊ ဉာဏ်ပညာနှင့် တရားသဖြင့် စီရင်ခြင်း ဂုဏ်အင်္ဂါများကို ထင်ရှားပြသခြင်းဖြစ်သည်ဟု သူတို့သည် ပြောဆိုကြပါသည်။ထို့ကြောင့် သူတို့သည် သမ္မာတရားနှင့် ၎င်းကိုပေးတော်မူသော ဘုရားသခင်ကိုချစ်ကြပါသည်။သူတို့သည် သမ္မာတရားကို သူတို့၏ နှလုံးသားထဲ၌သိမ်းထား၍ အကြိမ်ပေါင်းများစွာ အလွတ်ကျက်မှတ်ပါသည်။သူတို့သည် သမ္မာတရားကို စစ်ဆေးကြည့်ရှုကြသည့်အတိုင်း ၎င်း၏အချိုးညီ၍ ပြေပြစ်လှပခြင်းအားလုံးကို လေးစားကြည်ညိုကြပါသည်။

သူတို့သည် သူတို့၏သွင်ပြင်လက္ခဏာကို ဤလုပခြင်းနှင့်အညီ ပို၍ပို၍ ညီညွတ်ရန် ကြိုးပမ်းကြလျက် နှုတ်ကပတ်တော်အားဖြင့် ထောက်ခံခြင်းကို ရှာဖွေကြပြီး အခြားသူတို့ကို လမ်းညွှန်ပါသည်။သူတို့သည်လည်း သမ္မာတရားအားဖြင့် ကောင်းကြီးမင်္ဂလာကို ခံစားနိုင်မည်ဖြစ်ပါသည်။

## June 20 (ဇွန် ၂၀)

**လောကကိုငှင်း၊ လောက၌ရှိသောအရာတို့ကိုငှင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ။ (၁ယော ၂း၁၅)**

လောကနှင့်မိဿဟာရဖွဲ့ခြင်းသည် လောကနိယာမများနှင့်အတူ လိုက်လျောညီထွေမှုဖြစ်ခြင်း၌သော်လည်းကောင်း၊ လျှောက်လမ်းခြင်းဖြစ်ပါသည်။ဤသဘော၌ ကျွန်ုပ်တို့သည် ချစ်ဖို့မဖြစ်နိုင်ပါ။ငှင်းမှ သီးခြားနေရမည်ဖြစ်ပြီး ဆန့်ကျင်တွန်းလှန်ရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့ကို ညွှန်ပြသောလမ်းသည် အချို့နေရာများ၌ အနည်းဆုံးခက်ခဲသောလမ်းတလမ်း၊ အထီးကျန်သောလမ်းတစ်လမ်းဖြစ်ပါသည်။သို့သော် ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှုအတွက် တစ်ခုတည်းသောလမ်းဖြစ်ပါသည်။ထို့ကြောင့် ပြင်းပျသည့်ဆန္ဒနှင့်အတူ ဤလောကသည် လျှင်မြန်စွာသွားလျက်ရှိနေပါသည်။ငှင်းသည် ဟောင်းလောင်းဖြစ်ပြီး ကျေနပ်မှုမပေးနိုင်ပါ။နောက်ဆုံးတွင် ရုတ်တရက်ကျရောက်သောအန္တရာယ်နှင့်ဆုံးရှုံးမှုသို့ ပို့ဆောင်ပါသည်။သို့သော် သခင်ဘုရား၏လမ်း၌ ပျော်ရွှင်သောသူတို့သည် သူနှင့်အတူ မင်္ဂလာရှိသောရင်းနှီးကျွမ်းဝင်မိဿဟာရဖွဲ့ခြင်းရှိကြပါသည်။သူတို့၏ဝမ်းမြောက်ခြင်းသည် လောကီသားတို့ နားမလည်နိုင်သော အရင်းအမြစ်တစ်ခုမှလာပါသည်။သူတို့သည် မြင့်မားသောအဆင့်ပေါ်တွင် အသက်ရှင်ကြပြီး သန့်ရှင်းသောလေထုကိုရှူရှိုက်ကြသော သန့်စင်ခြင်း၌ ဝမ်းမြောက်ကြပြီး လောကမှ ပေးနိုင်သောအရာထက်သာ၍ ချိုမြိန်သော မိဿဟာရဖွဲ့ခြင်းရှိကြပါသည်။

## June 21 (ဇွန် ၂၁)

**ငါ့ထံ၌ နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ (မ ၁၁း၂၉)**

နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောသည် ငြိမ်သက်ခြင်း၏ လျှို့ဝှက်ချက်အမှန်ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့ခြင်းရှိရန်သီးခံခြင်း၊ ဘုရားသခင်၏အလိုတော်သို့ အပ်နှံသောချစ်ခြင်းမေတ္တာစိတ်နှင့် သူ၏မေတ္တာ၊ သူ၏ဂရုစိုက်ခြင်း၊ သူ၏လမ်းညွှန်အကြံပေးခြင်းနှင့် စောင့်ထိန်းမစခြင်းများနှင့်စပ်ဆိုင်သော ကျေးဇူးတော်များကို တိုးပွားရန်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ဤပြုမူခြင်းကို ကောင်းသောသတင်းစကား၊ မကောင်းသော သတင်းစကားအားဖြင့်ငှင်း(သို့)မျက်နှာသာပေးခြင်းခံရသော အခြေအနေအားဖြင့်ငှင်း၊ မျက်နှာသာပေးခြင်းမခံရသော အခြေအနေအားဖြင့်ငှင်း၊ အဆက်မပြတ်ကြိုးပမ်းရန်ဖြစ်ပါသည်။သူ၏ထမ်းဘိုးကို ထမ်းသောသူနှင့် သူထံ၌ နည်းခံသောသူတို့အား သူတစ်ဦးတည်းသာလျှင် မစနိုင်သောခွန်အားနှင့်အတူ လက်နက်တပ်ဆင်လျက် သူပြုမူခဲ့သည့်အတိုင်း သူ၏သွန်သင်ချက်များနှင့် လမ်းညွှန်မှုများကိုနာခံခြင်း၊ ဘုရားသခင်၏မစမှုကို လက်ခံခြင်းအားဖြင့် ခရစ်တော်၏နူးညံ့သောစိတ်သဘောကို ပို၍ပို၍ ပုံတူကူးရန် ဘုရားသခင်၏ ချစ်လှစွာသော သားသမီးတို့သည် ရှာဖွေကြပါစို့။

## June 22 (ဇွန် ၂၂)

**ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည် ----- သူတို့သည် အသီးသီးအစွမ်းသတ္တိရှိသည်အတိုင်း ----- (၁ကော ၄း၂၊ မ ၂၅း၁၄)**

အားလုံးအတွက် တူညီစွာပေးသော ဒင်္ဂါးတပြားသည် ဘုရားသခင်၏လူတို့နှင့် သက်ဆိုင်သောဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ(ဖြောင့်မတ်ခြင်းအား)သင့်လျော်စွာ ရည်ညွှန်းပါသည်။ကျွန်ုပ်တို့၏အခြေခံသဘော သဘာဝအရနှင့် စပ်ဆိုင်သော အခွင့်အလမ်းများအရ များစွာသော အရေအတွက်၌ အခြားကွဲပြားခြားနားသော အရည်အချင်းစရိုက်တို့သည် များသောအားဖြင့် ဖခင်၏အရည်အချင်းများဖြစ်ကြပါသည်။ဥပမာ။ ။စကားလုံးနှင့်စိတ်သဘော။ ခမည်းတော်ဘုရားသခင်အားဖြင့် ပြင်ဆင်ထားသော ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် သခင်ယေရှုထံမှ လက်ဆောင်တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိအသွေးတော်နှင့်အတူ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအတွက် ပေးတော်မူခဲ့သောကြောင့် ဖြစ်ပါသည်။ နှစ်သက်လက်ခံဘွယ်သောအစေခံများအဖြစ် ညီမျှစွာ အားလုံးတို့အား ဒင်္ဂါးတပြားစီပေးလျက် သူတို့၏ယဇ်ပူဇော်ခြင်းအားဖြင့် သူတို့၏ စိတ်အားထက်သန်မှုကိုဖော်ပြရန် ခွင့်ပြုပါသည်။ သို့သော် လူတိုင်း၏အရည်အချင်းနှင့်အညီ ပေးဝေခြင်းခံရသောဆုကျေးဇူးများသည် ကျွန်ုပ်တို့ပိုင်ဆိုင်သော ဤကဲ့သို့သောစွမ်းရည်များ၏ လမ်းကြောင်းတလျှောက် ဘုရားသခင်၏အမှုတော်မြတ်အတွက် (အစေခံခြင်း)အခွင့်အလမ်းများကို ရည်ညွှန်းပါသည်။ဘုရားသခင်၏အမှုတော်၌ သူတို့အားအသုံးပြုခြင်းအတွက် အခွင့်အလမ်းများနှင့်အတူ သူတို့သည် ပညာရေး(သို့)ငွေရေးကြေးရေး(သို့)ဟောပြောသွေးဆောင်နိုင်သောအစွမ်းသတ္တိ(သို့)ကောင်းမွန်သော ကျန်းမာရေး(သို့)အချိန်(သို့)အလိုပြည့်စုံမှုရရှိရန် လိမ္မာစွာပြုပြင်တတ်သောသတ္တိ(သို့)ထူးခြားသော ဉာဏ်ပညာတို့နှင့်စပ်ဆိုင်သော စွမ်းရည် (ဆုကျေးဇူးများ)ရှိနိုင်ပါသည်။

## June 23 (ဇွန် ၂၃)

**ကောင်းသောမြေ၌ အစေ့ကိုကြဲခြင်း၊ အကြောင်းအရာကား၊ တရားစကားကိုကြား၍ နှလုံးသွင်းသဖြင့် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွားများ၍ အသီးသီးတတ်သည်ဟု ဆိုလိုသတည်းဟု မိန့်တော်မူ၏။ (မ ၁၃း၂၃)**

အသီးသီးခြင်းနှင့်စပ်ဆိုင်သော ကွဲပြားခြားနားသည့် အတိုင်းအတာပမာဏများဖြစ်သော အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာ(သို့)ဆယ်ပေါင်၊ ငါးပေါင်တို့သည် ကျေးဇူးတော်နှင့်စပ်ဆိုင်သော နည်းလမ်းကို အသုံးပြုခြင်း၌ သစ္စာမရှိခြင်းထက် အောင်မြင်ရမည့်အဟန့်အတားများ၌ ကွဲပြားခြားနားမှုများကိုသာ၍ ပြသပါသည်။ အချို့တို့သည် တူညီသောရလဒ်များအတွက် အချိန်ကြာမြင့်စွာ ကြိုးစားလုပ်ဆောင်လျက်နေစဉ် ပို၍ခိုင်မာသော ဆန္ဒနှင့်သာ၍ အဆက်မပြတ်လုပ်ဆောင်သော အခြားသူတို့၌တူညီသော အားထုတ်မှုသည် ကြီးစွာသော အရာတို့ကို ပြီးပြည့်စုံနိုင်မည်ဖြစ်ပါသည်။ တစ်ခါတစ်ရံသေးငယ်သော အမှားအယွင်းများအားဖြင့် အချို့တို့သည် နောက်ပြန်လှည့်ကြပါသည်။နောက်ပိုင်းတွင် ထိုကျဆင်းခြင်းမှ ပြန်လည်သတိရလှည့်ပြန်လာကြသော သူတို့သည်- ဘုရားသခင်၏ ကျေးဇူးပြုခြင်း၌ သူတို့အား အပြစ်ခွင့်လွှတ်လျက် နဂိုနေရာတွင် ရက်ရောစွာ ပြန်ထားခြင်းခံရသော်လည်း ဘယ်တော့မှ ပြန်မရနိုင်သောအချိန်နှင့် အခွင့်အလမ်းများ ဆုံးရှုံးကြရပြီး ထိုအချိန်မှစ၍ အဆုံးထိတိုင် ဖွဲလုံ့လရှိခြင်းနှင့် သည်းခံခြင်းနှင့်အတူ ပြေးကြပါသည်။

× × × × ×

## June 24 (ဇွန် ၂၄)

**သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည့်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကိုခံရလျှင်၊ ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏။(ရော ၈ း ၁၇)**

ကျွန်ုပ်တို့၏ သခင်နှင့်အတူသူ၏ ဆက်ဆံခြင်းများ၌ နမူနာပြခဲ့သောသူ၏အလိုတော်နှင့် စပ်ဆိုင်သော အလင်း၌ ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ခမည်းတော်ဘုရားသခင်၏ အကြံအစည်များကို နားလည်ခြင်းသည် နာကျင်ခြင်း၊ စုံစမ်းစစ်ကြောခြင်းနှင့် ဆင်းရဲဒုက္ခများအားလုံးတို့မှ ကျွန်ုပ်တို့အားကာကွယ်လျက် သက်တောင့်သက်သာဖြစ်ခြင်း၏ ပန်းမွေ့ရာပေါ်တွင် အကြီးအကျယ် ဝါကြွားဝမ်းမြောက်ဖို့ရန်အတွက် ကျွန်ုပ်တို့အားသယ်ဆောင်ဖို့ရန် သူ၏အလိုတော်မဟုတ်ဘူးဟူ၍ ကျွန်ုပ်တို့သည် ချက်ခြင်းအတည်ပြုနိုင်မည်ဖြစ်ပါသည်။ ဤလောကတစ်ခုလုံး၏ အပြစ်များအတွက် ကျေနပ်စေခြင်းတစ်ခုမျှသာမက သူ၏ကိုယ်ဖြစ်သော အသင်းတော်အတွက်လဲ ပုံသက်သေတစ်ခုဖြစ်ဖို့ရန် ဘုရားသခင်ဖော်ပြထားသော သူ၏ခြေတော်ရာများ၌ ကျွန်ုပ်တို့သည် လိုက်ရှောက်ခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့၏လမ်းကြောင်းသည် အလွန်ဆန့်ကျင်ဘက်ပြောင်းပြန် အမှန်တကယ်ဖြစ်ကြမည်ဖြစ်ပါသည်။ဘုရားသခင်၏ အကြံအစည်ကိုများစွာ လေ့လာခဲ့သော ဤမျှလောက်သောအတိုင်းအတာသည် ဘုန်းအသရေသို့သွားတဲ့လမ်းဖြစ်ဖို့ရန် သူ၏ပညာအားဖြင့် စီရင်ထားတော်မူခဲ့သော နာကျင်ခြင်းနှင့်ဒုက္ခဆင်းရဲမှ လွတ်မြောက်ခြင်းကို ကျွန်ုပ်တို့သည် မတောင်းဆိုသင့်သလို မျှော်လင့်ကြရမည်မဟုတ်ဟု ကျွန်ုပ်တို့အားချက်ခြင်း သွန်သင်မည်ဖြစ်ပါသည်။

× × × × ×

## June 25 (ဇွန် ၂၅)

**ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက်စောင့်ရှောက်ကြလော့။(ကော ၄း၂)**

ယုံကြည်ခြင်းနှင့် သည်းခံခြင်းအား စစ်ကြောစစ်ဆေးခြင်းတိုင်းသည် ကတိပြုထားတော်မူသော အောင်မြင်ခြင်းအတွက် ဆုတောင်းဖို့ရန် အချိန်အခါသမယတစ်ခုဖြစ်ပါသည်။အောင်မြင်ခြင်းကို ရရှိရန် ကျရှုံးမှုတိုင်းသည် ခွင့်လွှတ်ခြင်းအတွက် ဆုတောင်းဖို့ရန် အချိန်အခါသမယတစ်ခုလဲဖြစ်ပါသည်။ထိုနည်းတူနက်နဲစွာ စွဲမြဲမှုရှိနိုင်သော ကျွန်ုပ်တို့၏ အားနည်းချက်များနှင့်စပ်ဆိုင်သော သင်ခန်းစာသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာအတွက်လဲ ဆုတောင်းဖို့ရန် အချိန်အခါတစ်ခုလဲဖြစ်ပါသည်။သို့ဖြစ်လျှင် နောက်လာမည့်ဆင်တူသော စုံစမ်းစစ်ကြောခြင်းများ၌ ကတိပြုထားတော်မူသော"တော်လျော်သောမစခြင်းကျေးဇူး"ကို ကိုင်စွဲလျက် ချက်ခြင်းအသုံးပြုနိုင်မည်ဖြစ်ပါသည်။ဇာတိအပေါ် အောင်မြင်မှုတိုင်းသည် စိတ်မြင့်ခြင်းနှင့် မာနမရှိစေရန်အတွက်၄င်း၊ ကြီးစွာသောရန်သူထံမှ နောက်ထပ်ရောက်လာမည့် တိုက်ခိုက်ခြင်းအတွက်သော်လည်းကောင်း၊ ဆုတောင်းရန် အချိန်အခါသမယတစ်ခုဖြစ်ပါသည်။ သမ္မာတရားအတွက် အစေခံခြင်းတိုင်းသည် သူ၏အမှုကိစ္စအတွက် တစ်စုံတစ်ရာ ဆင်းရဲဒုက္ခရှိနိုင်သော်လည်း၊ ကြီးမြတ်တော်မူသော ဘုရင်အား အစေခံခြင်းနှင့်စပ်ဆိုင်သော အခွင့်အလမ်းအတွက်သော်လည်းကောင်း၊ အစေခံခြင်းနှင့် ကျေးဇူးတော်အတွက် နောက်ထပ်အခွင့်အလမ်းများကို ဉာဏ်ပညာရှိစွာအသုံးပြုဖို့ရန် အကြောင်းရင်းတစ်ခုအတွက်သော်လည်းကောင်း ကျေးဇူးတော်ချီးမွမ်းဆုတောင်းရန် အချိန်အခါသမယဖြစ်လာပါသည်။

× × × × ×

## June 26 (ဇွန် ၂၆)

**ထိုသို့ဖြစ်လျှင်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ခေါ်ဖိတ်တော်မူခြင်း ကျေးဇူးကိုခံရသောသူ၊ သန့်ရှင်းသောညီအစ်ကိုတို့၊ ငါတို့ဝန်ခံသော တမန်တော်နှင့်ယဇ်ပရောဟိတ်မင်းတည်းဟူသော ယေရှု၏အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့။ (ဟေ ၃ း ၁)**

နိုင်ငံတော်ထဲသို့ ချီးမြှောက်ခံရပြီး ယဇ်ပရောဟိတ်မျိုးအဖြစ် လောကကိုတရားစီရင်သောအခါ သူတို့သည် အလွန်ကြင်နာချစ်ခင်သောသူ၊ ဂရုစိုက်သောသူနှင့် စေတနာစိတ်ထက်သန်သောသူဖြစ်နိုင်ရန်အလို့ငှာ ခရစ်တော်၏ ကိုယ်မှအင်္ဂါတိုင်းတို့သည် လောက၏ချိနဲ့အားနည်းခြင်းတို့နှင့်အတူ ထိတွေ့မှုရှိသင့်သည်မှာ ဘုရားသခင်၏အလိုတော်ဖြစ်ပါသည် ကျဆင်းလျက်ရှိသော လူသားမျိုးနွယ်နှင့်စပ်ဆိုင်သော မစုံလင်ခြင်းများမရှိသောသူ၊ သန့်ရှင်းစင်ကြယ်သောသူ၊ အပြစ်နှင့်ကင်းစင်ပြီး အပြစ်သားတို့မှ သီးခြားဖြစ်သောသူ-ကျွန်ုပ်တို့၏သခင်သည် ကျွန်ုပ်တို့၏ ချိနဲ့အားနည်းခြင်း၏ ခံစားချက်များနှင့်အတူ ထိတွေ့လျက်သစ္စာရှိသော ယဇ်ပုရောဟိတ်မင်းဖြစ်နိုင်ရန်အလို့ငှာ သူတို့၏ဖျားနာခြင်းများနှင့် ချိနဲ့အားနည်းခြင်းများကို လူတို့ထံမှယူဆောင်ရန် လိုအပ်ခဲ့ပါသည်။သူ၏အရိုက်အရာနှင့်အစေခံခြင်းအတွက် အမြင့်ဆုံးသော ယဇ်ပရောဟိတ်မင်းအား ပြင်ဆင်ခြင်းအတွက် အဖြစ်မနေလိုအပ်သော သင်ခန်းစာများသည် သူနှင့်အတူ ဒုက္ခဆင်းရဲခံရန်နှင့် သူနှင့်အတူအုပ်စိုးရန် ခေါ်တော်မူခြင်းခံရကြသော ယဇ်ပရောဟိတ်ငယ်များအတွက် မဖြစ်မနေမလိုအပ်ပါဟူ၍ တွေးတောခြင်းသည် လုံးဝကျိုးကြောင်းစီလျော်မှုမရှိသော (ယုတ္တိမရှိသော)အတွေးဖြစ်လိမ့်မည်ဖြစ်ပါသည်။

## June 27 (ဇွန် ၂၇)

**သင်တို့နှင့် ငါတို့ကိုခရစ်တော်၌ တည်စေ၍ ဘိသိက်ပေးသောသူကား ဘုရားသခင်ဖြစ်သတည်း။ ထိုဘုရားသခင်သည် ငါတို့ကို တံဆိပ်ခတ်၍ ငါတို့စိတ်နှလုံးထဲ၌ ဝိညာဉ်တော်တည်းဟူသော စားရန်ကို သွင်းပေးတော်မူ၏။ (၂ကော ၁ း ၂၁-၂၂)**

အသစ်သော သတ္တဝါ၏တံဆိပ်(သို့)အမှတ်လက္ခဏာသည် ခရစ်တော်၏စိတ်သဘောကို ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ ဤဝိညာဉ်တော်၏ ထင်ရှားပြခြင်းများသည် (၃)ပိုင်းဖြစ်ကြပါသည်။ (၁)ဘုရားသခင်အား အမြင့်ဆုံးချစ်လျက် ဆင်းရဲဒုက္ခနှင့်စပ်ဆိုင်သော အဖိုးအခ၌ပင်လျှင်"သူ"၏အမှုကိစ္စအတွက် ဝမ်းမြောက်စွာသစ္စာရှိခြင်း (၂) ညီအစ်ကိုတို့အားချစ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းမရှိဘဲ၊ သူတို့အားကောင်းသောအရာကို လုပ်ဆောင်ဖို့ရန် အမြဲတမ်း နိုးနိုးကြားကြားဖြစ်သော၊ သူတို့၏စိတ်သက်သာ ပျော်ရွှင်မှုအတွက် စင်ကြယ်သော၊ မွန်မြတ်သော ပြင်းပြသည့်ဆန္ဒတစ်ခု၊ (၃)အခွင့်အလမ်းရှိနိုင်သည့်အတိုင်း လူအပေါင်းတို့နှင့်အတူ ငြိမ်းချမ်းစွာအမြဲတန်းအသက်ရှင်ရန် ဆန္ဒတစ်ခုနှင့်အားထုတ်မှုအတွက်လည်းကောင်း၊ ကောင်းသောအလုပ်များအတွက်လည်းကောင်း ဖြစ်ပေါ်စေသည့်လောကအား နားလည်စာနာမှုကို ပြသသောချစ်ခြင်း။

× × × × ×

## June 28 (ဇွန် ၂၈)

**ငါသည် ပညာရှိ၏ဟု ကိုယ်ကိုမထင်နှင့်။ထာဝရဘုရားကိုကြောက်ရွံ့၍ ဒုစရိုက်ကိုရှောင်လော့။(သု ၃း၇)**

ဘုရားသခင်၏သားသမီးတို့တွင် ကိုယ့်ကိုကိုယ်မြတ်သည်ဟု ထောင်လွှားခြင်းထက် ပို၍အန္တရာယ်ရှိသော အရာမရှိတော့ပါ။၎င်းသည် စိတ်နှလုံးပြောင်းလဲခြင်းနှင့် စစ်မှန်သောတိုးတက်မှုအတွက် လမ်းကိုဟန့်တားပါသည်။ အခြားသူတို့အတွက် စစ်မှန်သောအသုံးဝင်ခြင်းအတွက် ခဲယဉ်းစေပါသည်။အထူးသဖြင့် ဘုရားသခင်၏အမှုတော် မြတ်၌ အသုံးဝင်ခြင်းကို ဆီးတားပါသည်။အဘယ်ကြောင့်ဆိုသော်"ဘုရားသခင်သည် မာနထောင်လွှားသောသူကို ဆီးတား၍ နှိမ့်ချသောသူတို့အပေါ်တွင် ကရုဏာကိုဖော်ပြသည်"ဟူ၍ သူ၏နှုတ်ကပတ်တော်သည် ပြောဆိုထား သောကြောင့်ဖြစ်ပါသည်။မိမိကိုယ်ကို ကိုးစားခြင်းအစား၊ ပညာသည် မိမိကိုယ်ကိုကိုးစားယုံကြည်ခြင်း ကင်းမဲ့ခြင်း တစ်ခုကိုမိန့်မှာပါသည်။မိမိ၏အားနည်းချက်များနှင့် မစုံလင်ခြင်းများကို သတိရအောက်မေ့လျက်၊ အလားတူစွာ ကျွန်ုပ်တို့၏ကျဆင်းလျက်ရှိသော အခြေအနေနှင့်စပ်ဆိုင်သော မကောင်းမှုမှစွန့်ခွာရန် ကျွန်ုပ်တို့အား သန့်စင်စေလျက် တတ်စွမ်းနိုင်စေမည့်(တခြားအရာ တစ်စုံတစ်ရာမျှမရှိ)ဘုရားသခင်အား ကြီးစွာရိုသေလေးစား လျက်သူအပေါ်တွင်ခိုလှုံကိုးစားပါ။

## June 29 (ဇွန် ၂၉)

**စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြ လတံ့။ (မ ၅း၈)**

စိတ်နှလုံးဖြူစင်ခြင်းနှင့် စပ်ဆိုင်သောအတွေးသည် ပြုမူလုပ်ဆောင်ခြင်းနှင့်စပ်ဆိုင်သော စုံလင်ခြင်းမ ဟုတ်သလို စကား၌လည်း စုံလင်ခြင်းမဟုတ်ပါ။အတွေး၌လည်း စုံလင်ခြင်းမဟုတ်ပါ။သို့သော် ဤအရာအားလုံး နှင့်ပတ်သက်၍ ရည်ရွယ်ချက်၌ စုံလင်ခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့၏ ဆန္ဒနှင့်အားထုတ်မှုသည် အတွေး၌သော် လည်းကောင်း၊ စကား၌သော်လည်းကောင်း၊ အပြုအမူ၌သော်လည်းကောင်း စုံလင်ခြင်းအတွက်ဖြစ်ကြရမည်ဖြစ် ပါသည်။ကျွန်ုပ်တို့နှလုံးသားများ အလိုဆန္ဒများအတွက် သဘောတူညီချက်ကိုပေးမည်။ကျွန်ုပ်တို့ရှေ့၌ရှိသော စံနှုန်းသည် ဘုရားသခင်၏စံနှုန်းဖြစ်သည်။"ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည် နည်းတူ သင်တို့သည်လည်းစုံလင်ခြင်းရှိကြလော့။" မ ၅း၄၈ ဤလုံးဝစုံလင်ခြင်းထက်နိမ့်သောစံနှုန်းကို ဘုရားသခင် သည် မထားထားပါ။သို့သော်လည်း ဘုရားသခင်သည် ခရစ်တော်အားဖြင့် ကျေးဇူးတော်၊ ကရုဏာနှင့်ငြိမ်သက်ခြင်း ကို ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးခဲ့ပါသည်။ကျွန်ုပ်တို့သည် သူ၏ခြေတော်ရာများ၌လျှောက်မည်ဆိုလျှင် ဤစိတ်နှလုံးဖြူစင်ခြင်းသည် လမ်းကျဉ်း၌မဖြစ်မနေလိုအပ်သောအရာတစ်ခုဖြစ်ပါသည်။

## June 30 (ဇွန် ၃၀)

**စပါးရိတ်သည့်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ။ စပါးရိတ်သည့်ကာလ ရောက်လျှင်၊ တောပင်တို့ကို ရှေးဦးစွာရွေးနုတ်၍ မီးရှို့ခြင်းငှာ စည်းနှောင်ကြလော့။**

**စပါးကိုကား ကျီ၌စုသိမ်းသွင်းထားကြလော့ဟု ရိတ်သောသူတို့အား စီရင်မည်ဟု အိမ်ရှင်ဆိုသည်ဟု မိန့်တော်မူ၏။ (မ ၁၃း၃၀)**

အချိန်သည် တိုတောင်းလှပါသည်၊ ရိတ်သိမ်းခြင်းအလုပ်သည် အလွန်အရေးပါပါသည်။ လုပ်ဆောင်သောသူတို့သည် အလွန်နည်းကြပါသည်။ကျွန်ုပ်တို့၏အချိန်မှာ ဆက်ကပ်အပ်နှံထားပါသည်။ဘယ်သူမှမလုပ်လုပ်နိုင်သော"ည"သည် ရောက်လာမည်ကိုသိလျက် "နေ့"ဟူ၍ခေါ်သောအချိန်တွင် ကျွန်ုပ်တို့သည်လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။သေထိတိုင်အောင်ပင် ကျွန်ုပ်တို့၏ဘဝအသက်တာများကို ကျွန်ုပ်တို့သည် ဆက်ကပ်အပ်နှံထားပြီးဖြစ်ပါသည်။ကျွန်ုပ်တို့သည် စစ်မှန်သောစပါးကိုရှာဖွေပြီး ကျီထဲ၌စုသိမ်းသွင်းရန် ရိတ်သိမ်းခြင်း၏သခင်ထံမှမိန့်မှာခြင်းကို ခံရကြသောသူများဖြစ်ကြပါသည်။အရေးမပါသော အပြုအမူများ(သို့)လောကီဆန်ခြင်း(သို့)များစွာသောလူမှုရေးဆိုင်ရာ နှစ်လိုဘွယ်ရာများအတွက် အချိန်မည်မျှရှိကြပါနည်း။ဤအရာများအတွက် အနည်းငယ်သော အာရုံစူးစိုက်မှုကိုပေးခြင်းနှင့်အတူ ကျွန်ုပ်တို့ကိုယ်တိုင်ရောင်ရဲကျေနပ်ကြရမည်ဖြစ်ပါသည်။သူ၏သာဓု သစ္စာရှိသောငယ်သားကောင်းဟူ၍ ကျွန်ုပ်တို့သခင်၏သဘောတူထောက်ခံမှုကို ကျွန်ုပ်တို့တွင် ရှိချင်သည်ဆိုလျှင် လုပ်ဆောင်ဖို့ရန် ကျွန်ုပ်တို့ကို အပ်နှံထားသောအလုပ်၌ လှိုက်လှဲစွာဖြင့် အာရုံစိုက်လျက် အားစိုက်ကြရမည်ဖြစ်ပါသည်။

×××××××××××